စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန
ဈေးကွက်သတင်းဌာနစိတ်

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ

# အစီရင်ခံစာ တင်ပြခြင်း

## (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ )

ရက်စွဲ ၊ ၁၃-၁၀-၂၀၂၁

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅။ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၆။ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၈ |
| ၇။ | ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ | ၁၂ |
| ၈။ | (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက် | ၁၂ |
| ၉။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၃ |
| ၁၀။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၃ |
| ၁၁။ | နိဂုံး | ၁၅ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံးရရှိနေသည်ကို တွေ့ရှိရသည်။

**ဇယား (၁) - ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**

**၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၁ (စက်တင်ဘာလ ၃၀ ရက်အထိ)**

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ (ယာယီ) | ၂၀၂၀-၂၀၂၁ (စက်တင်ဘာလ ၃၀ ရက် ထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၂.၉၇ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၈၁ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၄.၈၉ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၂၇၁ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၇၉.၀၈ | ၇၈၅၄.၄၀ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၂၂.၁၁၂ |
| စုစုပေါင်း | | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၆၂.၉၈ | ၁၄၉၂၇.၀၇ |

## ရည်ရွယ်ချက်


၃။ (က) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(ခ) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။

## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၁၁၃၆.၈၇၈) သန်းရှိခဲ့ပြီး၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ (၁၇၆၆၂.၉၈) သန်းထိ ရှိလာခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် (၅၉%) တိုးတက်လာခဲ့ကြောင်း သိရသည်။

၅။ မြန်မာ့လယ်ယာထွက်ကုန်တင်ပို့မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၂၆၁၅.၇၇၄) သန်းရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုး၏ (၂၃%) ရှိခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၃၇၂၅.၆၉၈) သန်းထိ ရှိလာခဲ့သည့်အတွက် တန်ဖိုးအားဖြင့် တိုးတက်ပါသော်လည်း ပါဝင်မှုမှာ စုစုပေါင်းပို့ကုန် တန်ဖိုး၏ (၂၁%) သာ ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်းအားဖြင့် ကျဆင်းလာခဲ့ကြောင်းသိရသည်။




ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

၆။ သို့ဖြစ်၍ ၂၀၁၅-၁၆ မှ ၂၀၁၉-၂၀ ထိ (၅) နှစ်တာကာလအတွင်း လယ်ယာထွက်ကုန်ပို့ကုန် တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၁၁၀၉.၉၂) သန်း တိုးတက်ရရှိခဲ့သော်လည်း နိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးမှာလည်း သိသိသာသာတိုးမြင့်လာခဲ့သည့်အတွက် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၂)% ကျဆင်းသည်ကို တွေ့ရသည်။


၇။ ၂၀၂၁၊ စက်တင်ဘာလ (၃၀) ရက်ထိ စာရင်းများအရ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၄၉၂၇.၀၆၅) သန်းထိ ရှိသည့်အနက် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၄၆၂၂.၉၇) သန်းထိ ပါဝင်ခဲ့ရာ၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာ ထွက်ကုန်ပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၃၁)% ထိ တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

၈။ အစီရင်ခံကာလအတွင်း တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁၈.၈၁) သန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၇၈၄.၈၉) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း) တင်ပို့မှုမှ ပို့ကုန်တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ(၅၄၂၆.၆၇) သန်း ရှိပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၃၆)% ထိ ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။

**ဇယား (၂) - ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား**

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ (ယာယီ) | ၂၀၂၀-၂၁ (၃၀-၉-၂၀၂၁) |
|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၁% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၃% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% |
|  | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




ပုံ (၂) ။ ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၉။ ပြီးခဲ့သည့်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ် (၃၀-၉-၂၀၂၁) အထိ အမေရိကန်ဒေါ်လာ (၁၄,၉၂၇.၀၆၅) သန်းရှိရာ ယခင်နှစ်အလားတူကာလတွင် အမေရိကန်ဒေါ်လာ (၁၇၆၈၁.၀၈၇) သန်းရှိခဲ့သည့်အတွက် ယခင်နှစ်အောက် အမေရိကန်ဒေါ်လာ (၂၇၅၄.၀၂၂) သန်း/ (၁၅.၅၈) % ခန့် လျော့နည်းကျဆင်းခဲ့ကြောင်း ဖော်ပြပါဇယား (၃) အရ သိရသည်။

**ဇယား (၃) - ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ**

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၀-၂၀၂၁(၃၀-၉-၂၀၂၁) | | | ၂၀၁၉-၂၀၂၀(၃၀-၉-၂၀၂၀)ထိ | | | တိုး(+)/လျော့(-) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| ၁ | လယ်ယာထွက်ပစ္စည်း | | ၄၆၂၂.၉၇ | ၄၆၂၂.၉၇ | | ၃၇၂၅.၇ | ၃၇၂၅.၇ | | ၈၉၇.၂၇ | ၈၉၇.၂၇ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၁၈.၈၁ | ၁၈.၈၁ | | ၁၀၇.၇၄ | ၁၀၇.၇၄ | | -၈၈.၉၃ | -၈၈.၉၃ |
| ၃ | ရေထွက်ပစ္စည်း | | ၇၈၄.၈၉ | ၇၈၄.၈၉ | | ၈၅၈.၉၆ | ၈၅၈.၉၆ | | -၇၄.၀၇ | -၇၄.၀၇ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၆၃.၅၈ | ၈၃၂.၀၃ | ၈၉၅.၆၁ | ၅၂၀.၆၇ | ၁၃၅၀.၁၇ | ၁၈၇၀.၈၄ | -၄၅၇.၀၉ | -၅၁၈.၁၄ | -၉၇၅.၂၂ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၄၃ | ၁၂၆.၈၄ | ၁၂၈.၂၇ | ၄.၇၆ | ၁၄၉.၃၁ | ၁၅၄.၀၇ | -၃.၃၂ | -၂၂.၄၈ | -၂၅.၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၇၈၅.၈၅ | ၅၀၆၈.၅၅ | ၇၈၅၄.၄ | ၃၅၆၅.၂၇ | ၆၄၃၁.၉၂ | ၉၉၉၇.၁၉ | -၇၇၉.၄၂ | -၁၃၆၃.၃၇ | -၂၁၄၂.၇၉ |
| ၇ | အခြား | ၂၅၄.၅၉ | ၃၆၇.၅၃ | ၆၂၂.၁၁ | ၆၀၈.၄၈ | ၃၅၈.၁၁ | ၉၆၆.၅၉ | -၃၅၃.၈၉ | ၉.၄၁ | -၃၄၄.၄၈ |
| | စုစုပေါင်း | ၃၁၀၅.၄၅ | ၁၁၈၂၁.၆၁ | ၁၄၉၂၇.၀၇ | ၄၆၉၉.၁၇၈ | ၁၂၉၈၁.၉၀၉ | ၁၇၆၈၁.၀၈၇ | -၁၅၉၃.၇၂၄ | -၁၁၆၀.၂၉၈ | -၂၇၅၄.၀၂၂ |


**၁၀။** လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ လျော့နည်းကျဆင်းခဲ့ရာ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၁၈.၈၁) သန်းဖြစ်၍ ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ (၈၈.၉၃၂)သန်းနှင့် ရေထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၇၈၄.၈၈၉) သန်းဖြစ်၍ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပ ါက အမေရိကန်ဒေါ်လာ (၇၄.၀၆၇)သန်း စီအသီးသီးလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ပို့ကုန် အနေဖြင့်မူ အမေရိကန်ဒေါ်လာ (၄၆၉၂.၉၆၉) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၃၇၂၅.၆၉၈) သန်း အမေရိကန် ဒေါ်လာ (၈၉၇.၂၇၁) သန်းခန့် တိုးတက်ရရှိခဲ့သည်။

၁၁။ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၃၁%) ရှိလာခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၂၁%) ဝန်းကျင် သာ ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့်လည်း (၁၀)% တိုးတက်ခဲ့သည်ကို တွေ့ရှိ ရသည်။

**ဇယား (၄) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ**


(ဒေါ်လာသန်း)

| ခုနှစ် | လယ်ယာထွက်ပစ္စည်း | တိရစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုထုတ်ကုန်ပစ္စည်း | အခြား | လယ်ယာထွက်ပစ္စည်း ပါဝင်မှုနှုန်း | လယ်ယာထုတ်ကုန်ပါဝင်မှုနှုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၀-၂၁ (၃၀-၉-၂၀၂၁) | ၄၆၂၂.၉၇ | ၁၈.၈၁ | ၇၈၄.၈၉ | ၈၉၅.၆၁ | ၁၂၈.၂၇ | ၇၈၅၄.၄ | ၆၂၂.၁၁ | ၃၁.၀% | ၃၆.၄% | ၁၄၉၂၇.၀၇ |
| ၂၀၁၉-၂၀ (၃၀-၉-၂၀၂၀) | ၃၇၂၅.၇ | ၁၀၇.၇၄ | ၈၅၈.၉၆ | ၁၈၇၀.၈၄ | ၁၅၄.၀၇ | ၉၉၉၇.၁၉ | ၉၆၆.၅၉ | ၂၁% | ၂၆.၅% | ၁၇၆၈၁.၀၉ |
| တိုး(+)/ လျော့(-) | ၈၉၇.၂၇ | -၈၈.၉၃ | -၇၄.၀၇ | -၉၇၅.၂၂ | -၂၅.၈ | -၂၁၄၂.၇၉ | -၃၄၄.၄၈ | ၉.၉% | ၉.၈% | -၂၇၅၄.၀၂ |




ပုံ (၃)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား

**၁၂။** တိရစ္ဆာန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၃၀-၉-၂၀၂၁) ရက်ထိ အမေရိကန်ဒေါ်လာ (၅၄၂၆.၆၇) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် အမေရိကန်ဒေါ်လာ (၄၆၉၂.၄) သန်းသာ ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၇၃၄.၂၆၇) သန်းခန့်တိုးတက်ရရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍာပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၃၆)% ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၂၇%) ဝန်းကျင်သာ ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့်လည်း (၉)% ကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရသည်။




ပုံ (၄)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်ရာခိုင်နှုန်း နှိုင်းယှဉ်ပြဇယား


## လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၃။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁၅၇၀.၇၀၇) သန်း၊ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၇၀၀.၁၃၆) သန်း၊ ပြောင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၅၃၆.၃၃၇) သန်း၊ နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၃၃၈.၉၈၂) သန်း နှင့် ရာဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၄၄၈.၉၈၃) သန်း အသီးသီးရရှိ ထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁၀၂၇.၈၂၄) သန်း ရရှိထားကြောင်း သိရှိရသည်။

**ဇယား (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား**

**ဒေါ်လာသန်း**

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆–၁၇ (ပြေီမှ မတ်) | ၂၀၁၇–၁၈ (ပြေီမှ မတ်) | ၂၀၁၈(Mini Budget) (ပြေီ မှ စက်) | ၂၀၁၈–၁၉ (အောက်မှ စက်) | ၂၀၁၉–၂၀ (အောက် မှ စက်) | ၂၀၂၀–၂၁ (၃၀–၉–၂၀၂၁) |
|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆၂ | ၁၁၄၂.၃၉၈ | ၃၉၀.၉၀၈ | ၇၀၉.၆၉၂ | ၇၉၄.၃၈၇ | ၇၀၀.၁၃၆ |
| ၂ | ပဲအမျိုးမျိုး | ၁၃၉၈.၉၀၅ | ၈၈၆.၇၂၀ | ၃၉၇.၆၀၅ | ၁၀၂၆.၃၀၆ | ၁၁၉၅.၈၀၇ | ၁,၅၇၀.၇၁ |
| ၃ | ပြောင်း | ၂၅၂.၅၉၀ | ၂၉၄.၅၀၁ | ၈၄.၃၇၁ | ၂၇၇.၀၈၀ | ၃၆၈.၃၇၁ | ၅၃၆.၃၄ |
| ၄ | နှမ်း | ၁၄၅.၆၉၄ | ၁၄၇.၀၆၃ | ၃၆.၄၄၃ | ၁၉၃.၆၂၃ | ၂၇၉.၃၈၈ | ၃၃၈.၉၈ |
| ၅ | ရာဘာ | ၁၉၇.၃၅၇ | ၁၉၃.၇၄၅ | ၈၈.၃၅၈ | ၂၅၇.၇၅၂ | ၂၆၄.၄၄၂ | ၄၄၈.၉၈၃ |
| ၆ | အခြား | ၃၇၉.၅၉၃ | ၄၂၂.၆၉၆ | ၂၈၁.၀၇၄ | ၇၉၇.၁၃၉ | ၈၂၃.၃၀၄ | ၁၀၂၇.၈၂၄ |
| | **စုစုပေါင်း** | ၂၉၂၈.၁၀၁ | ၃၀၈၇.၁၂၃ | ၁၂၇၈.၇၅၉ | ၃၂၆၁.၅၉၁ | ၃၇၂၅.၆၉၈ | ၄,၆၂၂.၉၇ |




ပုံ (၅) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဂရပ်


## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၄။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၃၀-၉-၂၀၂၀) မှ (၃၀-၉-၂၀၂၁) ထိ အဓိကလယ်ယာထွက်ကုန်အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၂၇%)နှင့် တန်ဖိုးအနေဖြင့် (၁၂%) လျော့နည်းခဲ့သော်လည်း နှမ်းအနေဖြင့် တန်ချိန် (၄၅%) နှင့် တန်ဖိုး (၂၁%)၊ ပဲအမျိုးမျိုးတွင် တန်ချိန် (၂၆%) နှင့် တန်ဖိုး (၃၁%)၊ ပြောင်းအနေဖြင့် တန်ချိန် (၁၈%) နှင့် တန်ဖိုး (၄၆%)၊ ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၄၂%) နှင့် တန်ဖိုး (၇၀%) စီ တို့ အသီးသီး တိုးတက်ရရှိခဲ့ကြောင်း အောက်ဖော်ပြပါ အချက်အလက်များ အရ သိရှိရသည်။


## ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၉-၂၀ ဘဏ္ဍာနှစ် | ကာလတူ(၃၀-၉-၂၀၂၁ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | | ပမာဏ | %% |
| လယ်ယာထွက်ပစ္စည်း | | US$ | | ၄,၆၂၂.၉၇ | ၃,၇၂၅.၇၀ | ၈၉၇.၂၇ | ၂၄% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၇၉၄.၃၉ | ၇၀၀.၁၄ | ၇၉၄.၃၉ | (၉၄.၂၅) | -၁၂% |
| | | တန်ချိန် | ၂,၅၈၆,၃၇၉ | ၁,၈၇၆,၁၇၃ | ၂,၅၈၆,၃၇၉ | (၇၁၀,၂၀၆) | -၂၇% |
| | (က) ဆန် | US$ | ၅၂၇.၉၆ | ၄၃၀.၄၇ | ၅၂၇.၇၃ | (၉၇.၂၆) | -၁၈% |
| | | တန်ချိန် | ၁,၆၀၉,၉၄၅ | ၁,၀၇၃,၉၅၉ | ၁,၆၀၉,၁၉၅ | (၅၃၅,၂၃၆) | -၃၃% |
| | (ခ) ဆန်ကွဲ | US$ | ၂၆၆.၄၃ | ၂၆၉.၆၆ | ၂၆၆.၆၆ | ၃.၀၁ | ၁% |
| | | တန်ချိန် | ၉၇၆,၄၃၄ | ၈၀၂,၂၁၄ | ၉၇၇,၁၈၄ | (၁၇၄,၉၇၀) | -၁၈% |
| ၂ | ပဲအမျိုးမျိုး | US$ | ၁,၁၉၅.၄၈ | ၁,၅၇၀.၇၁ | ၁,၁၉၅.၈၀ | ၃၇၄.၉၀ | ၃၁% |
| | | တန်ချိန် | ၁,၆၀၆,၁၄၇ | ၂,၀၂၉,၆၉၆ | ၁,၆၀၆,၃၆၂ | ၄၂၃,၃၃၄ | ၂၆% |
| ၃ | ပြောင်း | US$ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၃၇ | ၁၆၇.၉၇ | ၄၆% |
| | | တန်ချိန် | ၂,၂၂၂,၀၂၉ | ၂,၆၁၃,၆၆၇ | ၂,၂၂၂,၀၂၉ | ၃၉၁,၆၃၇ | ၁၈% |
| ၄ | နှမ်း | US$ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၂၇၉.၃၉ | ၅၉.၅၉ | ၂၁% |
| | | တန်ချိန် | ၁၇၅,၈၄၁ | ၂၅၅,၁၁၉ | ၁၇၅,၈၄၁ | ၇၉,၂၇၈ | ၄၅% |
| ၅ | ရော်ဘာစိမ်း | US$ | ၂၆၄.၄၄ | ၄၄၈.၉၈ | ၂၆၄.၄၄ | ၁၈၄.၅၄ | ၇၀% |
| | | တန်ချိန် | ၂၁၃,၄၁၃ | ၃၀၃,၂၁၄ | ၂၁၃,၄၁၃ | ၈၉,၈၀၁ | ၄၂% |
| ၆ | အခြားသီးနှံ | US$ | | ၁,၀၂၇.၈၂ | ၈၂၃.၃၁ | ၂၀၄.၅၂ | ၂၅% |




ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း




ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


၁၅။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် မတ်ပဲမှာ တန်ချိန် (၆၇၇၅၂၆.၄၂၁)၊ တန်ဖိုးဒေါ်လာ (၅၂၆.၇၁၄) သန်းဖြင့် ဖြင့်အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ ပဲတီစိမ်းမှာ တန်ချိန် (၆၇၃၁၂၂.၈၈၃)၊ တန်ဖိုးဒေါ်လာ (၅၂၅.၃၈၁) သန်း ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ ပဲစဉ်းငုံမှာ တန်ချိန် (၂၁၄၀၉၁.၆၂၆)ဖြင့် တတိယအများဆုံး၊ တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် တန်ဖိုးဒေါ်လာ (၁၄၄.၁) သန်းဖြင့် စတုတ္ထအများဆုံး၊ ။ မြေပဲဆန်တင်ပို့မှုမှာ တန်ချိန်အားဖြင့် (၁၅၀၆၆၉.၃၁၃) စတုတ္ထအများဆုံးနှင့် တန်ဖိုး ဒေါ်လာ (၁၈၃.၀၈၃)သန်း ဖြင့် တတိယအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။

၁၆။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၃၀-၉-၂၀၂၀) မှ (၃၀-၉-၂၀၂၁) ထိ မတ်ပဲ တန်ချိန်ပေါင်း (၁၄%) တိုးတက်တင်ပို့နိုင်ခဲ့ပြီး၊ တန်ဖိုးအားဖြင့်အနေဖြင့် (၂၀%)၊ ပဲတီစိမ်း တန်ချိန် (၂၆%) နှင့် တန်ဖိုး (၂၉%)၊ ပဲစဉ်းငုံ တန်ချိန် (၃၀၁%) နှင့် တန်ဖိုး (၃၈၀%)၊ မြေပဲဆန် တန်ချိန် (၅၄%) နှင့် တန်ဖိုး (၄၀%) စီ အသီးသီး တိုးတက်ရရှိခဲ့ကြောင်း ဖော်ပြပါ အချက်အလက်များအရ သိရှိရသည်။


# ဇယား (၇) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | **၁၁၉၅ .၈၀၇** | **၁၅၇၀.၇၀၇** | **၁၁၉၅.၈၀၃** | **၃၇၄.၉၀၄** | ၃၁% |
| | | တန်ချိန် | **၁၆၀၆၃၆၁ .၉၃၂** | **၂၀၂၉၆၉၅.၈၈၂** | **၁၆၀၆၃၆၁.၉၃၁** | **၄၂၃၃၃၃ .၉၅၁** | ၂၆% |
| ၁ | မတ်ပဲ | US$ | ၄၃၇.၉၇၄ | ၅၂၆.၇၁၄ | ၄၃၇.၉၇၄ | ၈၈.၇၄ | ၂၀% |
| | | တန်ချိန် | ၅၉၆၆၅၇ .၄၂၃ | ၆၇၇၅၂၆.၄၂၁ | ၅၉၆၆၅၇.၄၂၃ | ၈၀၈၆၈ .၉၉၈ | ၁၄% |
| ၂ | ပဲတီစိမ်း | US$ | ၄၀၆.၃၀၆ | ၅၂၅.၃၈၁ | ၄၀၆.၃၀၅ | ၁၁၉ .၀၇၆ | ၂၉% |
| | | တန်ချိန် | ၅၃၄၁၂၈ .၁၅၇ | ၆၇၃၀၂၂.၈၈၃ | ၅၃၄၁၂၈.၁၅၇ | ၁၃၈၉၉၄ .၇၂၆ | ၂၆% |
| ၃ | ပဲစင်းငုံ | US$ | ၂၉.၉၉၆ | ၁၄၄.၁ | ၂၉.၉၉၆ | ၁၁၄.၁၀၄ | ၃၈၀% |
| | | တန်ချိန် | ၅၃၃၇၆ .၆၇၅ | ၂၁၄၀၉၁.၆၂၆ | ၅၃၃၇၆.၆၇၅ | ၁၆၀၇၁၄ .၉၅၁ | ၃၀၁% |
| ၄ | ကုလားပဲ | US$ | ၁၃.၂၅၆ | ၁၅.၉၈၅ | ၁၃.၂၅၆ | ၂.၇၂၉ | ၂၁% |
| | | တန်ချိန် | ၂၃၇၃၂.၁၅၅ | ၂၇၂၁၂.၇၉၁ | ၂၃၇၃၂.၁၅၅ | ၃၄၈၀.၆၃၆ | ၁၅% |
| ၅ | ပဲလွန်းပြာ | US$ | ၂၅.၂၁၇ | ၂၈.၃၃၇ | ၂၅.၂၁၇ | ၃.၁၂ | ၁၂% |
| | | တန်ချိန် | ၄၆၁၅၆ .၇၉၉ | ၄၉၉၆၂.၅၅၃ | ၄၆၁၅၆.၇၉၉ | ၃၈၀၅ .၇၅၄ | ၈% |
| ၆ | မြေထောက်ပဲ | US$ | ၃၃.၂၀၂ | ၃၈.၀၃၂ | ၃၃.၂၀၁ | ၄.၈၃၁ | ၁၅% |
| | | တန်ချိန် | ၄၄၆၀၀ .၇၁၁ | ၅၃၈၆၃.၃၅၃ | ၄၄၆၀၀.၇၁၁ | ၉၂၆၂.၆၄၂ | ၂၁% |
| ၇ | ထောပတ်ပဲ | US$ | ၃၅.၃၃၈ | ၂၅.၆၇၈ | ၃၅.၃၃၇ | -၉.၆၅၉ | -၂၇% |
| | | တန်ချိန် | ၆၀၄၂၈ .၇၃၀ | ၄၅၂၂၅.၅၅၈ | ၆၀၄၂၈.၇၃ | -၁၅၂၀၃ .၁၇၂ | -၂၅% |
| ၈ | ပဲယင်း | US$ | ၂၁.၀၈၅ | ၃၃.၄၁၈ | ၂၁.၀၈၅ | ၁၂.၃၃၃ | ၅၈% |
| | | တန်ချိန် | ၃၉၆၀၉ .၃၀၃ | ၆၁၈၉၃.၀၉၁ | ၃၉၆၀၉.၃၀၃ | ၂၂၂၈၃.၇၈၈ | ၅၆% |
| ၉ | ပဲကြီး | US$ | ၇.၇၂၄ | ၁၁.၆၁၃ | ၇.၇၂၆ | ၃.၈၈၇ | ၅၀% |
| | | တန်ချိန် | ၁၂၇၈၄ .၁၃၀ | ၁၉၄၂၂.၂၀၈ | ၁၂၇၈၄.၁၃ | ၆၆၃၈ .၀၇၈ | ၅၂% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁ .၃၄၄ | ၁၁.၈၄၆ | ၁၁.၃၄၅ | ၀.၅၀၁ | ၄% |
| | | တန်ချိန် | ၁၈၂၂၆ .၆၆၀ | ၁၈၅၅၆.၁၃ | ၁၈၂၂၆.၆၆ | ၃၂၉.၄၇ | ၂% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၅.၁၂၈ | ၄.၂၇၃ | ၅.၁၂၈ | -၀.၈၅၅ | -၁၇% |
| | | တန်ချိန် | ၉၀၇၆ .၅၆၀ | ၅၁၆၉.၅၄၂ | ၉၀၇၆.၅၆ | -၃၉၀၇ .၀၁၈ | -၄၃% |
| ၁၂ | ပဲပုတ်စွေ | US$ | ၆.၆၆၇ | ၃.၆၄၈ | ၆.၆၆၅ | -၃.၀၁၇ | -၄၅% |
| | | တန်ချိန် | ၁၅၆၈၈ .၇၃၀ | ၆၁၇၆.၁၅၈ | ၁၅၆၈၈.၇၃ | -၉၅၁၂ .၅၇၂ | -၆၁% |
| ၁၃ | ပဲနီကြား | US$ | ၈.၂၂၆ | ၄.၅၂၂ | ၈.၂၂၆ | -၃.၇၀၄ | -၄၅% |
| | | တန်ချိန် | ၁၇၄၆၂ .၇၀၅ | ၉၉၆၆.၅ | ၁၇၄၆၂.၇၀၅ | -၇၄၉၆ .၂၀၅ | -၄၃% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၅.၇၉၄ | ၂.၄၂၂ | ၅.၇၉၄ | -၃.၃၇၂ | -၅၈% |
| | | တန်ချိန် | ၆၈၉၇ .၆၀၀ | ၃၃၄၅.၈၂၅ | ၆၈၉၇.၆ | -၃၅၅၁ .၇၇၅ | -၅၁% |
| ၁၅ | မြေပဲဆံ | US$ | ၁၃၂.၈၂၁ | ၁၈၃.၀၈၃ | ၁၃၀.၅၃၂ | ၅၂.၅၅၁ | ၄၀% |
| | | တန်ချိန် | ၁၀၀၁၂၈.၇၉၆ | ၁၅၀၆၆၉.၃၁၃ | ၉၇၅၈၄.၆၈၂ | ၅၃၀၈၄ .၆၃၁ | ၅၄% |
| ၁၆ | အခြားပဲ | US$ | ၁၅.၇၂၉ | ၁၁.၆၅၅ | ၁၈.၀၁၆ | -၆.၃၆၁ | -၃၅% |
| | | တန်ချိန် | ၂၇၄၀၆.၇၉၈ | ၁၃၄၉၁.၉၃ | ၂၉၉၅၀.၉၁၁ | -၁၆၄၅၈ .၉၈၁ | -၅၅% |




ပုံ (၈)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ပုံ (၉)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ

### (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက်

၁၇။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၆၅၇၇.၉) သန်းရှိခဲ့ပြီး၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် (၁၉၀၅၀.၉) သန်း ထိရှိခဲ့သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် အမေရိကန် ဒေါ်လာ (၂၄၇၃) သန်း (၁၄%) မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ဇယား (၈) - ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား**

**၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၁ (စက်တင်ဘာလ ၃၀ ရက်အထိ)**

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ (ဘဏ္ဍာ) | ၂၀၂၀-၂၀၂၁ (စက်တင်ဘာလ ၃၀ ရက်အထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၇၁၈.၀၂ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၆၂၂.၇၂ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၄၀၇၁.၅၇ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၀၇၆.၉၇ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၂၄၅.၄၇ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၃၃၉၂.၂၅ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၁၅၆၆.၁၄ |
| **စုစုပေါင်း** | | **၉၀၃၅.၀၆၃** | **၉၀၆၈.၉၁** | **၁၃၇၅၉.၅၁** | **၁၆၆၃၃.၁၅** | **၁၆၅၇၇.၉** | **၁၇၂၁၁.၀၆** | **၁၈၆၉၄.၉** | **၉၈၆၇.၇၈** | **၁၈၀၈၆.၆** | **၁၉၀၅၀.၉** | **၁၄၆၅၈.၀၈** |

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၁၈။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ခုနှစ် စက်တင်ဘာလ(၃၀) ရက်တွင် ဒေါ်လာသန်း (၁၄၆၅၈.၀၈) ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာသန်း (၁၉၀၅၀.၈၆) ရှိခဲ့သဖြင့် ဒေါ်လာသန်း (၄၃၉၂.၇၇) (၂၃%) လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။

**ဇယား (၉) - ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား**

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၃၀-၉-၂၀၂၁) ထိ | | | ၂၀၁၉-၂၀၂၀ (၃၀-၉-၂၀၂၀) ထိ | | | တိုး(+)/လျော့(-) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၈၉၆.၄၅ | ၃၇၂၆.၂၇ | ၄၆၂၂.၇၂ | ၉၈၆.၆၇ | ၆၂၀၀.၅၆ | ၇၁၈၇.၂၃ | -၉၀.၂၂ | -၂၄၇၄.၂၉ | -၂၅၆၄.၅၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၇၂.၇၆ | ၅၀၀၄.၂၁ | ၅၀၇၆.၉၇ | ၁၆၅.၀၃ | ၆၁၁၂.၃၆ | ၆၂၇၇.၄ | -၉၂.၂၈ | -၁၁၀၈.၁၆ | -၁၂၀၀.၄၃ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၅.၉၆ | ၃၃၆၆.၃ | ၃၃၉၂.၂၅ | ၄၁.၁ | ၃၃၆၉.၄၁ | ၃၄၁၀.၅၁ | -၁၅.၁၄ | -၃.၁၁ | -၁၈.၂၅ |
| ၄ | CMP | | ၁၅၆၆.၁၅ | ၁၅၆၆.၁၅ | | ၂၁၇၅.၇၂ | ၂၁၇၅.၇၂ | | -၆၀၉.၅၇ | -၆၀၉.၅၇ |
| | စုစုပေါင်း | ၉၉၅.၁၆ | ၁၃၆၆၂.၉၂ | ၁၄၆၅၈.၀၈ | ၁၁၉၂.၈ | ၁၇၈၅၈.၀၅ | ၁၉၀၅၀.၈၆ | -၁၉၇.၆၄ | -၄၁၉၅.၁၃ | -၄၃၉၂.၇၇ |

**၁၉။** ကုန်စည်အုပ်စုလိုက်တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လူသုံးကုန်ပစ္စည်းတင်သွင်းမှု ဒေါ်လာသန်း (၅၀၇၆.၉၇) ဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၄၆၂၂.၇၂) ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူကာလတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၇၁၈၇.၂၃) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှု ဒေါ်လာသန်း(၆၂၇၇.၄) ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၀။ အဓိကကုန်သွင်းကုန် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီ တန်ချိန် (၈၂၃၆၄၂)၊ တန်ဖိုးဒေါ်လာ (၈၂၆.၉၇၄)သန်း၊ ဓာတ်မြေဩဇာ တန်ချိန် (၁၂၁၈၄၃၀)၊ တန်ဖိုး ဒေါ်လာ (၃၃၆.၆၉) သန်း၊ ဂျုံစေ့ တန်ချိန် (၄၅၂၈၂၆)၊ တန်ဖိုး (၁၃၇.၄၈၆) သန်းနှင့် ဂျုံမှုန့် တန်ချိန် (၈၇၈၈)၊ တန်ဖိုး (၃.၀၉၆) သန်း ပါခဲ့သည်ကို တစ်ဖက်ပါစာရင်းဇယားအရ သိရှိရပါသည်။


၂၁။ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် စားအုန်းဆီမှာ ယခင်နှစ်ထက် တန်ချိန်(၆၄၆၂၄) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၂၃၂.၈၅၁) သန်း မြင့်တက်ခဲ့သည်ကိုတွေ့ရပြီး၊ အခြားကုန်စည်များဖြစ်သော ဂျုံစေ့မှာ တန်ချိန် (၃၃၁၀၆)၊ တန်ဖိုး ဒေါ်လာ (၁.၁၈၅) သန်း ၊ ဂျုံမှုန့်မှာ တန်ချိန် (၁၃၅၇၀)၊ တန်ဖိုး ဒေါ်လာ (၅.၄၉၆) သန်း၊ ဓာတ်မြေသြဇာမှာ တန်ချိန် (၅၁၈၂၆၀)၊ တန်ဖိုးဒေါ်လာ (၅၅.၀၀၂) သန်း စီအသီးသီး ယခင်နှစ် ထက်လျော့နည်းခဲ့သည်ကို တွေ့ရသည်။

**ဇယား (၁၀) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား**


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၄၃၅၅.၈၆၃** | **၄၈၆၄.၂၄၇** | **-၅၀၈.၃၈၄** | **-၁၀%** |
| ၁ | ဒီဇယ် | US$ | ၁၂၅၂.၁၇၂ | ၁၆၄၁.၄၈၉ | -၃၈၉.၃၁၇ | -၂၄% |
| | | တန် | ၂၅၈၀၇၉၇ | ၃၈၇၃၁၀၈ | -၁၂၉၂၃၁၁ | -၃၃% |
| ၂ | ဓါတ်ဆီ | US$ | ၉၃၄.၇၆ | ၁၀၂၉.၇၀၁ | -၉၄.၉၄၁ | -၉% |
| | | တန် | ၁၆၅၇၆၂၄ | ၂၂၂၂၁၆၄ | -၅၆၄၅၄၀ | -၂၅% |
| ၃ | စားအုန်းဆီ | US$ | ၈၂၆.၉၇၄ | ၅၉၄.၁၂၃ | ၂၃၂.၈၅၁ | ၃၉% |
| | | တန် | ၈၂၃၆၄၂ | ၈၈၈၂၆၆ | -၆၄၆၂၄ | -၇% |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | **၆၉၆.၆၉၉** | **၈၉၆.၁၂၂** | **-၁၉၉.၄၂၃** | -၂၂% |
| | | **စီး** | **၂၉၀၉၇** | **၃၃၇၇၆** | **-၄၆၇၉** | -၁၄% |
| | လူစီးယာဉ် | US$ | ၂၇၁.၈၄၇ | ၂၅၅.၂၅၇ | ၁၆.၅၉ | ၆% |
| | | စီး | ၁၇၀၉၁ | ၁၃၅၂၈ | ၃၅၆၃ | ၂၆% |
| | ဘတ်စ် | US$ | ၁၁.၄၆၆ | ၈၀.၅၄ | -၆၉.၀၇၄ | -၈၆% |
| | | စီး | ၅၇၅ | ၂၈၇၉ | -၂၃၀၄ | -၈၀% |
| | ထရပ် | US$ | ၇၅.၀၅၅ | ၁၃၅.၂၆၅ | -၆၀.၂၁ | -၄၅% |
| | | စီး | ၆၅၄၇ | ၁၂၂၉၄ | -၅၇၄၇ | -၄၇% |
| | ယန္တယား | US$ | ၂၅၂.၁၉၁ | ၂၃၈.၃၉၅ | ၁၃.၇၉၆ | ၆% |
| | | စီး | ၄၈၈၄ | ၅၀၇၅ | -၁၉၁ | -၄% |
| | ယာဉ်အပိုပစ္စည်း | US$ | ၈၆.၁၄ | ၁၈၆.၆၆၅ | -၁၀၀.၅၂၅ | -၅၄% |
| ၅ | ဘိလပ်မြေ | US$ | ၈၁.၉၇၆ | ၆၉.၆၆၄ | ၁၂.၃၁၂ | ၁၈% |
| | | တန် | ၁၀၇၃၉၀၇ | ၉၃၆၄၅၀ | ၁၃၇၄၅၇ | ၁၅% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၃၃၆.၆၉ | ၃၉၁.၆၉၂ | -၅၅.၀၀၂ | -၁၄% |
| | | တန် | ၁၂၁၈၄၃၀ | ၁၇၃၆၆၉၀ | -၅၁၈၂၆၀ | -၃၀% |
| ၇ | ဂျုံစေ့ | US$ | ၁၃၇.၄၈၆ | ၁၃၈.၆၇၁ | -၁.၁၈၅ | -၁% |
| | | တန် | ၄၅၂၈၂၆ | ၄၈၅၉၃၂ | -၃၃၁၀၆ | -၇% |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | ဂျုံမှုန့် | US$ | ၃.၀၆၉ | ၈.၅၆၅ | -၅.၄၉၆ | -၆၄% |
| | | တန် | ၈၇၈၈ | ၂၂၃၅၈ | -၁၃၅၇၀ | -၆၁% |
| ၉ | နို့ဆီ | US$ | ၁၉.၂၁၂ | ၂၅.၂၆၂ | -၆.၀၅ | -၂၄% |
| | | တန် | ၁၆၂၉၉ | ၂၂၁၂၉ | -၅၈၃၀ | -၂၆% |
| ၁၀ | နို့စိမ်း | US$ | ၃၂.၁၉၁ | ၃၄.၃၉၉ | -၂.၂၀၈ | -၆% |
| | | တန် | ၂၅၆၂၁ | ၂၉၆၃၇ | -၄၀၁၆ | -၁၄% |
| ၁၁ | နို့မှုန့် | US$ | ၃၄.၆၃၄ | ၃၄.၅၅၉ | ၀.၀၇၅ | ၀% |
| | | တန် | ၁၃၂၃၇ | ၁၃၀၄၆ | ၁၉၁ | ၁% |




ပုံ(၁၀)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း)




ပုံ(၁၁)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၂၂။ အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် (၁၆၂၉၉)၊ တန်ဖိုးဒေါ်လာ (၁၉.၂၁၂) သန်း၊ နို့စိမ်းမှာ တန်ချိန် (၂၅၆၂၁)၊ တန်ဖိုးဒေါ်လာ (၃၂.၁၉၁) သန်းနှင့် နို့မှုန့်မှာ တန်ချိန် (၁၃၂၃၇)၊ တန်ဖိုးဒေါ်လာ (၃၄.၆၃၄) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။

## နိဂုံး

၂၃။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု(လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံ တင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**ဈေးကွက်သတင်းဌာနစိတ်**